
ဝန်ဇင်း
Read on the move
လျှပ်ပန်းအိမ်
ကောင်းရာသုဂတိ လားပါစေနှင့်
ဖြစ် ရပ် ဆန်း ကြယ် ◇ ထူး တို့ များ

# ကောင်းရာသုဂတိလားပါစေ

''ကျောင်းသူ ... အသစ် ရောက်တယ်''

ဆရာမ ဒေါ်လဲ့လဲ့သူရဲ့ စကားသံကြောင့် အဆောင်နေကျောင်းသူ ကျောင်းသားများ တစ်ချက် လှမ်းကြည့်ကြလိုက် လေတော့သည် ။

ပြီးနောက် ဆရာမက

''ဒါ နွေရိပ်လို့ ခေါ်တယ် အားလုံး ကိုယ့်ညီမလေး ... တစ်ယောက်လို ခင်ရမယ်နော်''

''ဟုတ်ကဲ့ပါ... ဆရာမ''

ကျောင်းသူ ကျောင်းသားများ ၏ အသံက ဟိန်းခနဲ ထွက်သွားလေ တော့သည် ။

ကျောင်းသား အချို့ကလည်း တီးတိုးပြောကာ နွေရိပ်အား ကြည့်နေကြ၏။ ကျောင်းသူများ လည်း ထိုနည်းအတူပင်

''လာ ... သမီးလေး ... သမီးနေရမယ့် အခန်း လိုက်ပြမယ်''

ထမင်းချက် အန်တီကြီး ဒေါ်ဝင်းသန့်က နွေရိပ်ဆိုသော ကျောင်းသူ အသစ်လေးအား အိပ်ဆောင်ပြရန် ခေါ်သွားလေတော့သည် ။

''ဒီမှာ ပဲ ... သမီးနေရမယ့်နေရာ ပစ္စည်းလေး ဘာလေး ... နေရာချပြီး စာသင်ခန်း ဝင်လို့ ရပြီနော် ...အန်တီကတော့ ... ထမင်း တ

ည်ထားတာ သွားကြည့်လိုက်ဦးမယ်''

''ဟုတ်ကဲ့... ကျွန်တော် ... လုပ်လိုက်ပါ့မယ်''

မန္တလေးသူလေး ဖြစ်သည့် နွေရိပ်က စကားပြောလျှင် ကျွန်တော် ကျွန်တော်ဟု နာမ်စား တပ်သုံးလေ့ရှိသည် ။ သူမ ဝင်ဝင်ချင်း သတိထားမိသည် ကား သူမ အိမ်ဆောင် နံဘေးနားက အခန်းပင်။ တံခါးပေါ က်ကို စေ့ရုံမျှ စေ့ထားသည် ကို တွေ့ရ၏။ အိပ်ဆောင်လည်း မဟုတ်လောက်ဟု ထင်မိသည် ။ အဘယ်ကြောင့် ဆိုသော် ထိုအခန်းထဲ၌ ကား မည်သူမျှမတွေ့သလို အိပ်ရာခင်း စောင်များ လည်း မရှိသောကြောင့် ပင်။ နွေရိပ်လည်း အိပ်ရာများကို သေချာ ခင်းခေါက်ပြီးနောက် စာသင်ခန်း ဝင်ရန် အိပ်ဆောင် အတွင်းမှ ထွက်ခဲ့လိုက်တော့၏။

''ဟင် ''

မမျှော်လင့်သော အရာတစ်ခုက သူမအား ဆီးကြိုနေခြင်းပင်။ စောစောက မည်သူမျှမရှိသော အခန်းထဲတွင် ဆရာမ တစ်ယောက် ကျောပေးထိုင်နေသည် ကို အမှတ်မထင် တွေ့လိုက်ရလေတော့၏။ မွေးရာပါ စပ်စုတတ်သော အကျင့်ရှိသည့် နွေရိပ်က အခန်းထဲသို့ဝင်ပြီး ...

''ဆရာမ ...ဝင်ခွင့်ပြုပါ''

နွေရိပ် ခွင့်တောင်းလိုက်တော့ ကျောပေး ထိုင်နေသော ဆရာမလေးက

''အေး ...သမီး ...ဝင်ဝင်''

ချိုသာ လှသော မျက်နှာထားနှင့် အတူ ဖော်ရွေစွာ ခွင့်ပြုလိုက်၏။ အသက်အရွယ်နှင့် အမူအရာကို နွေရိပ် သတိထားမိ၍ ဆရာမဟု ခေါ်လိုက်ခြင်း ဖြစ်လေသည် ။ ပြီးမှ နွေရိပ်က

''ဆရာမ ... နာမည်က ဘယ်လိုခေါ်လဲ''

''သြော် ... ဒေါ်အေးသီတာဝင်းလို့ ခေါ်တယ် သမီးရဲ့ ''

ဟူ၍ သာ ဆရာမက ပြန်ဖြေပေးလေသည် ။

''ဒါနဲ့ ... ဆရာမက... စာမသင်ဘူးလား''

နွေအရိပ်အမေးကြောင့် ထိုဆရာမလေး မျက်နှာ မသိမသာ ပျက်သွားလေတော့သည် ။

သို့သော် သူမ သတိမထားမိပေ။

''ဟုတ်တယ် ... သမီးရဲ့ ဆရာမ စာမသင်တာ ခြောက်လ... ကျော်နေပြီ''

''ဟုတ်လား ... ဆရာမ ကျွန်တော်က ဒီနေ့မှ ဒီကို ပြောင်းလာတာ''

''သြော် ... အသစ်လား ဒါကြောင့် ဘာမှ မသိသေးတာ ထင်တယ်''

ဆရာမ၏ ပြောလိုက်သော စကားမှာ တစ်စုံတစ်ရာအား အဓိပ္ပာယ်ဖော်ဆောင် နေသော်လည်း ငယ်ရွယ်သေးသော နွေရိပ်အဖို့ တော့ နားလည်ရန် ခက်ခဲနေပေလိမ့်မည်။

''ဟုတ်တယ် ... ဆရာမ ဒါနဲ့ ဆရာမက ဘယ်မှာ နေတာလဲ''

သူမက မေးလိုက်တော့ ဆရာမလည်း ပြတင်းပေါက် အပြင်ဘက်ကို လက်ညှိုးထိုးပြရင်း

''အဲ့ ဆီးသီး(ဇီးသီး)ပင်ကြီးရှိတဲ့ ... အိမ်ပဲ သမီး''

''ဟုတ်လား... အဲဒါ ဆရာမရဲ့ ဆီးသီးပင်လား... ကျွန်တော် ယူစားလို့ ရလား ဆီးသီးဆို အသေကြိုက်တာ''

''ရပါတယ်... သမီးရယ် စားစား''

နွေရိပ်က လူရေလည်သည် ။ အခုမှ ခင်မင်သော ဆရာမလေးကို တစ်ချီတည်း အပိုင်းပေါင်းပြီး ဆီးသီးပါ တောင်းစားသေး၏။ သဘောကောင်းလှသော ထိုဆရာမကလည်း သူမကို ခွင့်ပြုလေသည် ။

''ဆရာမ ... ကျွန်တော် စာသင်ခန်း ဝင်ဦးမယ် တော်နေကြာ ... အဆောင်မှူး ဆူနေမှ ဖြင့်''

''အေးအေး ... သမီး သွားသွား''

နွေရိပ် တစ်ယောက် ဆရာမလေးကို နှုတ်ဆက်ကာ ထိုအခန်းထဲမှ ထွက်ခဲ့တော့၏။ ထိုစဉ် ကျောင်းသူ ကျောင်းသားများ အနားလေးပေးချိန်လည်း ရောက်ခဲ့လေပြီ။ ကျောင်းသူ ကျောင်းသားများ လည်း အိပ်ချင်ပြေအောင် ကော်ဖီသောက်ရန် မိမိ အိပ်ဆောင်ဆီသို့ ပြန်လာနေကြသည် ။ နွေရိပ်၏ သူငယ်ချင်း ဝင်းနွယ်က စောစောက ဆရာမ အေးသီတာဝင်း အိပ်ဆောင်မှ ထွက်လာသော နွေရိပ်အား အထူးအဆန်းသဖွယ် ကြည့်ရင်း

''ဟဲ့... နွေရိပ် ...ဘာတွေ ဝင်လုပ်နေတာလဲ''

''ဩော် ... ဒီတိုင်း ခဏ ဝင်ကြည့်တာပါ''

''နောက်ဆို ... မဝင်နဲ့ ကြားလား ဘယ်သူမှ မဝင်ရဘူး... အဲ့အခန်းထဲ''

ဝင်းနွယ် အမူအရာက စိုးရိမ် ထိတ်လန့်မှုနှင့် အတူ တစ်ခုခုကို အလိုမကျနေသည့် ပုံ။

နွေရိပ်နှင့် ဝင်းနွယ်မှာ ငယ်ငယ်လေးတည်းက တူတူပေါင်းသင်းခဲ့သော သူငယ်ချင်းများ လည်း ဖြစ်ကြ၏။

''ဟင်... ဘာလို့ လဲ''

''ဘာလို့ လဲ ...မမေးနဲ့

''နင်နောက်တော့ သိလိမ့်မယ်''

ဝင်းနွယ်က ထိုသို့ပြောလေသည် ။ နွေရိပ်၏ စိတ်ထဲတွင် တော့

''အင်း ဆရာမ အေးသီတာဝင်းနဲ့ ... ပြဿနာ တက်ထားကြလို့ ... ထင်တယ်''

ဟု သာ တွေးရင်း ထိုကိစ္စကို မေ့မေ့ ပျောက်ပျောက် နေလိုက်တော့၏။

***

အချိန်ကား ညနေသုံးနာရီတိတိ

''ဝင်းနွယ်... နင့်အဖေ ... ထမင်းချိုင့် လာပို့တယ်''

နွေရိပ်နှင့် ဝင်းနွယ် စကားပြောနေတုန်း ဝင်းနွယ်သူငယ်ချင်း တစ်ယောက်က လှမ်းအော်ပြောလေ၏။ ဝင်းနွယ်ကလည်း

''နွေရိပ် ... လိုက်ခဲ့လေ ငါ့အဖေလာတယ်''

''ဦးမျိုးလား''

''အေး ဟုတ်တယ် ... လာသွားမယ်''

နွေရိပ်တို့ နှစ်ယောက်သား တူတူသွားပြီး ဦးမျိုးပေးသော ထမင်းချိုင့်ကို ဝင်းနွယ်က ယူလိုက်၏။ ပြီးမှ ဦးမျိုးက

''သမီး... နွေရိပ်ကော ဒီမှာ တက်နေပြီလား''

''ဟုတ်... ဦးမျိုး ကျွန်တော် ဒီကနေ့မှ ရောက်တာ''

''အေး ... ဦးမျိုးက... သုံးနာရီ တိတိဆို သမီး သူငယ်ချင်း ဝင်းနွယ် ကို ထမင်း လာပို့နေကျလေ... သမီးလည်း အိမ်ကိုမှာ စရာရှိရင်... ပြော နော် ဦးမျိုး ပြောပေးမယ်''

''ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ် ဦးမျိုး''

ဦးမျိုးလည်း ဝင်းနွယ်အား နှုတ်ဆက်ကာ ဆိုင်ကယ်လေးကို စက်နှိုး၍ ပြန်သွားလေတော့သည် ။ ဒီလိုနဲ့ ပဲ နွေရိပ်တစ်ယောက် အ ဆောင်သူ အသစ်အဖြစ်နဲ့ ထိုအဆောင်လေး၌ စတင်ခဲ့တော့သည် ။ ထူး ဆန်းသော အဖြစ်အပျက်များ အမှန်တကယ် ဖြစ်လာခဲ့မည် ကိုတော့ သူ မ သတိထားမိခဲ့မည် မဟုတ်ပေ။ ဒီလိုနှင့် အချိန် စက်ဝိုင်းက တရွေ့ရွေ့ ကုန်လွန်သွားခဲ့ချေပြီ။

***